# ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက်

## ဘဏ္ဍာရေးရှင်းတမ်းများ

## ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ

## ငွေကြေး - မြန်မာကျပ်ငွေ

MNA LIMITED

လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အဖွဲ့

**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက်**

ဘဏ္ဍာရေးရှင်းတမ်းများ

| **မာတိကာ** | **စာမျက်နှာ** |
|---|---|
| ဒါရိုက်တာများ၏ အစီရင်ခံစာ | ၁ - ၂ |
| ဒါရိုက်တာများ၏ တာဝန်ဖော်ပြချက် | ၃ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၄ - ၇ |
| ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၈ - ၉ |
| ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၁၀ |
| အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၁၁ |
| ငွေသားစီးဆင်းမှုရှင်းတမ်း | ၁၂ |
| ဘဏ္ဍာရေးရှင်းတမ်းအပေါ် မှတ်စုများ | ၁၃ - ၃၄ |

**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက်**

**ဒါရိုက်တာများ၏ အစီရင်ခံစာ**

ကျွန်တော်များ အစီရင်ခံစာသည် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ဖြစ်ပါသည်။

ကျွန်တော်များ၏ ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် ဒါရိုက်တာများ၏ အစီရင်ခံစာကို ယခု စာရင်းစစ် အစီရင်ခံစာ (Audit Report) နှင့်အတူ ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ပူးတွဲတင်ပြအပ်ပါသည်။

**၁. ဒါရိုက်တာများ**

ယခု အစီရင်ခံစာ ပေးပို့သော နေ့တွင် ကျွန်တော်များ ကုမ္ပဏီရှိ ဒါရိုက်တာများမှာ

| | | |
|---|---|---|
| ၁။ | ဦးကျော်လွင်ဦး | မန်နေဂျင်းဒါရိုက်တာ |
| ၂။ | ဦးအောင်မင်းဟန် | ဒါရိုက်တာ |
| ၃။ | ဦးမောင်မောင်ဦး | ဒါရိုက်တာ |
| ၄။ | ဒေါ်ခင်ဆုံ | ဒါရိုက်တာ |

**၂. အဓိက ပင်မ လုပ်ငန်းများ**

ကုမ္ပဏီများ၏အဓိကလုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများ
၂။ နိုင်ငံတကာအဆင့်မီ ဂိုဒေါင်နှင့် ဖြန့်ဖြူးရေးလုပ်ငန်း
၃။ ပြည်ပပို့ကုန်ရောင်းဝယ်ရေးလုပ်ငန်း

**၃. အမြတ်ဝေစုများ**

ယခု အစီရင်ခံတင်ပြသော ဘဏ္ဍာနှစ်အတွင်း အမြတ်ဝေစုများ ထုတ်ဝေ ခွဲဝေပေးခဲ့ခြင်း မရှိပါ။

## ၄. အစုရှယ်ယာ ရွေးချယ်ခွင့်များ

ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ မထုတ်ဝေသေးသော အစုရှယ်ယာများအား ရယူရန် Share Option ရွေးချယ်ခွင့်များကို ခွင့်ပြုထားခြင်းမရှိပါ။ ဘဏ္ဍာရေးနှစ်အတွင်း Share Option ရွေးချယ်ခွင့်များကို အသုံးပြု၍ ကုမ္ပဏီ၏ မထုတ်ဝေသေးသော အစုရှယ်ယာများကို ထုတ်ဝေထားခြင်းမရှိပါ။

## ၅. ကုမ္ပဏီ၏ ရရှိခဲ့ပြီးသော လုပ်ဆောင်ချက် ရလဒ်များ

ကျွန်တော်များ ကုမ္ပဏီ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းများနှင့် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်းများကို အစီရင်ခံစာ၏ စာမျက်နှာ နံပါတ် (၈) နှင့် (၁၀) များတွင် အသီးသီးဖော်ပြပေးထားပါသည်။

## ၆. လွတ်လပ်သောစာရင်းစစ်

ဘဏ္ဍာရေးရှင်းတမ်းများကို လွတ်လပ်သော ပြင်ပစာရင်းစစ်အဖွဲ့ဖြစ်သော " MNA LIMITED " မှ စစ်ဆေးခဲ့ပါသည်။

**ဒါရိုက်တာများ ကိုယ်စား**

ဒါရိုက်တာ
၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်

Director
Ever Flow River Group Public Company Limited.

ဒါရိုက်တာ
၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်

Director
Ever Flow River Group Public Company Limited.

Ever Flow River Group Public Company Limited.
No..............
Date..............

# EVER FLOW RIVER GROUP PUBLIC CO., LTD.

7A, 7th Floor, EFR Building, No. 941, Corner of Shukhintha Mayopat Road and Myoma 11th Street, North 4th Ward, Thakayta Township, Yangon Region.

+951 5440 76, +951 5440 77, +959 8899 488 90

www.efrgroupmyanmar.com www.facebook.com/efrgroup


**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက်**

**ဒါရိုက်တာများ၏ တာဝန်ဖော်ပြချက်**

Board of Directors များ၏ ကိုယ်စား ကျွန်တော်များ ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ စာရင်းစစ်အစီရင်ခံစာအား ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ပူးတွဲတင်ပြ အပ်ပါသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ၏ Section 258 and Section 264 များအရ စာမျက်နှာ ၆ မှ ၃၂ အထိ ဖော်ပြထားသော ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းနှင့် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှု ရှင်းတမ်းများနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ် နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေး ရှင်းတမ်းများသည် သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြထားပါကြောင်း ကျွန်တော်များမှ ဖော်ပြ အစီရင်ခံအပ်ပါသည်။

အထက်ပါ အချက်များအပြင် ယခု အစီရင်ခံစာ ပေးပို့သော နေ့တွင် ကျွန်တော်များ ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် သည် ပေးရန်ရှိသော ကာလတို ကာလရှည် ပေးရန်တာဝန်များကို စေ့ရောက်သောအချိန် တွင် အပြည့်အဝ ပေးချေနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**ဒါရိုက်တာများ ကိုယ်စား**

ဒါရိုက်တာ

ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက်

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်

Director
Ever Flow River Group Public Company Limited.

Ever Flow River Group Public Company Limited.
No.............
Date.............

**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက်**

**ပြင်ပစာရင်းစစ်အစီရင်ခံစာ**

**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် ၏ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ သို့ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အစီရင်ခံခြင်း။**

**ဘဏ္ဍာရေးရှင်းတမ်းများ နှင့်စပ်လျဉ်းသည့် စာရင်းစစ်ဆေးမှုအပေါ် အစီရင်ခံစာ**

**စာရင်းစစ်ထင်မြင်ယူဆချက်**

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် **ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် ၏** ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှု ရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ် နှင့် အခြားရှင်းလင်း ဖော်ပြထားသော မှတ်စုများပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများသည် ကုမ္ပဏီ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေး အခြေအနေ၊ ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် ငွေသားစီးဆင်းမှုများကို မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေအနေအမှန်ကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း ကျွန်တော်များ ထင်မြင်ယူဆပါသည်။

**စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှု**

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စစ်ဆေးမှုဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်များအဖွဲ့၏ တာဝန်များကို ဤအစီရင်ခံစာ၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏ တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထားပါသည်။ ကျွန်တော်များသည် International Ethics Standards Board for Accountants International Code of Ethics for Professional Accountants (including International Independence Standards) (IESBA Code) နှင့် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီနှင့် သီးခြားလွတ်လပ်စွာ ရပ်တည်ခဲ့ပြီး၊ IESBA Code နှင့်အညီ ကျွန်တော်များအဖွဲ့အနေဖြင့် အခြားသော ကျင့်ဝတ်သိက္ခာပိုင်း ဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်များရရှိခဲ့သော စာရင်းစစ် အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေပြုရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

## ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲမှု ကြီးကြပ်သူများ၏တာဝန်

ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပြီး လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲနိုင်ရန်၊ လုပ်ငန်းတွင်း ထိန်းချုပ်မှုအစီအစဉ်ကို စီမံအုပ်ချုပ်သူများမှ ချမှတ်ထားရှိရန် လိုအပ်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီကို ဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းရန် ရည်ရွယ်မှုမရှိလျှင် သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မှလွဲ၍ လက်တွေ့ကျသော အခြားရွေးချယ်စရာမရှိမှု မရှိလျှင် ကုမ္ပဏီ၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ခြင်း၊ ဆက်လက်လုပ်ဆောင်နိုင်မှု အခြေအနေနှင့် ပတ်သက်သည့်ကိစ္စများကို ထုတ်ဖော်ခြင်းနှင့် ဆက်လက်လုပ်ဆောင်နိုင်မှုနှင့် သက်ဆိုင်သည့် စာရင်းကိုင်မှုများကို အသုံးပြုခြင်းတို့သည် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများ၏ တာဝန်သည် ကုမ္ပဏီ၏ ဘဏ္ဍာရေးအစီရင်ခံခြင်း လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။

## ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် စာရင်းစစ်၏တာဝန်

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ တစ်ရပ်လုံးသည် အရေးပါသော မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော် သေချာမှုရရှိရန်နှင့် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက် ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သေချာမှုဆိုသည်မှာ မြင့်မားသောအဆင့်သေချာမှုဖြစ်သော်လည်း နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက်ပေးခြင်းမဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး မှားယွင်းဖော်ပြမှုများသည် တစ်ခုချင်း သို့မဟုတ် စုပေါင်းခြင်းအားဖြင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာ ဩဇာလွှမ်းမိုးနိုင်ခဲ့ပါက အရေးပါသည်ဟုထင်မြင်ယူဆပါသည်။

နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျွန်တော်များသည် စာရင်းစစ်ဆေးမှု တစ်လျှောက် အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် စစ်ဆေးခြင်းပညာဆိုင်ရာ သံသယ (skepticism) စိတ်ထားရှိရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းစွာဖော်ပြမှု အန္တရာယ်များအား ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်၊ အဆိုပါအန္တရာယ်များအားတုံ့ပြန်သော စာရင်းစစ် လုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်ရန်၊ ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှုပြုရန် လုံလောက်သင့်လျော်သော စာရင်းစစ်အထောက် အထားများ ရယူရန်ဖြစ်ပါသည်။ လိမ်လည်မှုကြောင့်ဖြစ်ပေါ်သော အရေးပါသည့် လွဲမှားဖော်ပြမှုများအား ဖော်ထုတ်မှု မပြုနိုင်ခြင်း အန္တရာယ်သည် မှားယွင်းမှုကြောင့်ဖြစ်ပေါ်သော အန္တရာယ်ထက် ပိုမိုကြီးမားပါသည်။ အကြောင်းရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အတုပြုလုပ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှု စနစ်အား သွေဖီခြင်းတို့ ပါဝင်နိုင်သောကြောင့် ဖြစ်ပါသည်။

- အခြေအနေနှင့် သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သော ဌာနတွင်း ကြီးကြပ်မှု လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ရန် လိုအပ်သော်လည်း ကုမ္ပဏီ၏ဌာနတွင်း ကြီးကြပ်မှုစနစ်ထိရောက် မှုအပေါ် စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် မဟုတ်ပါ။

- စီမံအုပ်ချုပ်သူများမှပြုလုပ်သော စာရင်းခန့်မှန်းခြေများနှင့် သက်ဆိုင်ရာထုတ်ဖော်ချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာ မူဝါဒများ သင့်လျော်မှုကို အကဲဖြတ်ပါသည်။

- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် လုပ်ငန်းဆက်လက်လုပ်ဆောင်မှု စာရင်းအခြေခံမှု၏ သင့်လျော်မှုနှင့် ရယူထားသော စာရင်းစစ်အထောက်အထားများပေါ် မူတည်၍ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆက်လက် လုပ်ဆောင်နိုင်မှုအပေါ် ထင်ရှားသော သံသယများဖြစ်စေနိုင်သည့် အရေးပါသော မသေချာသည့် အဖြစ်အပျက် အခြေအနေရှိ/မရှိ သုံးသပ်ပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိခဲ့သည်ဟု သုံးသပ်ပါက ကျွန်တော်များအနေဖြင့် ဘဏ္ဍာရေးရှင်းတမ်းများတွင် ပါရှိသော အဆိုပါ ထုတ်ဖော်ချက်အား စာရင်းစစ်အစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရန် လိုအပ်ပါသည်။ အကယ်၍ အဆိုပါ ဘဏ္ဍာရေး ရှင်းတမ်းများတွင်ပါရှိသော ထုတ်ဖော်ချက်များသည် လုံလောက်မှုမရှိပါက စာရင်းစစ်အစီရင်ခံစာတွင် ထုတ်ဖော်ပြသရန် လိုအပ်မည်ဖြစ်ပါသည်။ ကျွန်တော်များ၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ်အထောက်အထားများအပေါ် အခြေခံပါသည်။ သို့သော် အနာဂတ်အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအုပ်စုအား လုပ်ငန်းဆက်လက်လုပ်ဆောင်မှုကို ရပ်စဲရန် ဖြစ်ပေါ်စေနိုင်ပါသည်။

- ဘဏ္ဍာရေးရှင်းတမ်းများ၏ ထုတ်ဖော်ပြသချက်များအပါအဝင် ယေဘုယျတင်ပြမှု၊ ဖွဲ့စည်းမှု၊ ပါဝင်မှုများနှင့် ဘဏ္ဍာရေးရှင်း တမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များအား သင့်လျော်သည့်ပုံစံဖြင့် တင်ပြထားခြင်းရှိ၊ မရှိ သုံးသပ်ပါသည်။

ကျွန်တော်များသည် စာရင်းစစ်ဆေးစဉ်အတွင်း တွေ့ရှိခဲ့သော ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသော အားနည်းချက်များ အပါအဝင် အရေးပါသော စာရင်းစစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်နယ်ပယ်နှင့် အချိန်အတိုင်းအတာ၊ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှု ကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်များသည် အမှီအခိုကင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီး ဖြစ်ကြောင်းနှင့် ကျွန်တော်များ၏အမှီအခိုကင်းခြင်းအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ကျိုးကြောင်း ဆီလျော်စွာယူဆ နိုင်သည့်ဆက်ဆံရေး များ၊ အခြားကိစ္စရပ်များအားလုံးနှင့် လိုအပ်ပါက ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် ခြိမ်းခြောက်မှု များကို ဖယ်ရှားရန်အတွက် အရေးယူဆောင်ရွက်ထားမှုနှင့် အကာအကွယ် ပြုလုပ်ထားမှုများကို ဆက်သွယ်ဆောင်ရွက်ရန်အတွက် တင်ပြချက် တစ်စောင်ကို စီမံခန့်ခွဲမှု ကြီးကြပ်သူများ သို့ ပေးပို့ပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများသို့ ဆက်သွယ်ဆောင်ရွက်ခဲ့သည့် ကိစ္စများအနက် လက်ရှိနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးရာတွင် အရေးပါဆုံးသော ကိစ္စရပ်များကို အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ထားပါသည်။ ဥပဒေ သို့မဟုတ် စည်းမျဉ်းများမှ အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး အများပြည်သူသို့ ထုတ်ဖော်ခြင်းကို တားမြစ်ထားခြင်းမရှိပါက ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာတွင် ဤကိစ္စရပ်များကို ဖော်ပြထားပါသည်။ အဆိုပါကိစ္စရပ်များကို တင်ပြခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများသည် အများပြည်သူရရှိမည့် အကျိုးစီးပွားထက်ပိုများနေသည့် အလွန်ရှားပါးသော အခြေအနေများတွင် ကျွန်တော်များ၏အစီရင်ခံစာတွင် အဆိုပါကိစ္စရပ်များကို မတင်ပြရန်ဆုံးဖြတ်ပါသည်။

**အခြားဥပဒေနှင့် စည်းကမ်းချက်ဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း

(၂) ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၅၈ နှင့်အညီ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ဦးအောင်ဖြိုးမြတ် (ပီအေပီ ၁၄၂၀)

Managing Partner

MNA LIMITED

လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အဖွဲ့

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်

**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ**

**၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးပေါင်းချုပ် ရှင်းတမ်း အခြေအနေ စုစည်းဖော်ပြချက်**

ငွေကြေး - မြန်မာကျပ်

| | Note | ၃၀-စက်တင်ဘာ-၂၀၂၄<br>မြန်မာကျပ် | ၃၀-စက်တင်ဘာ-၂၀၂၃<br>မြန်မာကျပ် |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ပုံသေပိုင် ပစ္စည်း | ၄ | ၄,၀၄၅,၅၄၂,၃၆၆.၀၉ | ၂,၆၄၅,၄၄၇,၇၇၉.၈၃ |
| ထိတွေ့ကိုင်တွယ်မရသော ပစ္စည်း | ၅ | ၇၈,၀၅၃,၃၆၃.၉၇ | ၈၅,၃၆၆,၇၈၉.၉၃ |
| ကာလရှည် ရင်းနှီးမြှုပ်နှံမှု | ၆ | ၄,၇၂၂,၀၅၂,၂၁၄.၇၉ | ၄,၅၈၄,၂၈၄,၄၂၃.၀၄ |
| အခြားသော ရပိုင်ခွင့်များ | ၇ | ၃၉၁,၆၁၈,၀၀၀.၀၀ | ၃၉၁,၆၁၈,၀၀၀.၀၀ |
| **စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | ၉,၂၃၇,၂၆၅,၉၄၄.၈၅ | ၇,၇၀၆,၇၁၆,၉၉၂.၈၀ |
| **လက်ငင်း ရပိုင်ခွင့်များ** | | | |
| ကုန်လက်ကျန်များ | ၈ | ၆၉၁,၃၀၈,၆၂၃.၀၆ | ၉,၆၇၂,၀၆၂.၁၀ |
| ကုန်သွယ်မှု ရရန်ရှိများ | ၉ | ၇,၄၅၅,၈၅၃,၂၉၉.၈၂ | ၄,၉၆၃,၀၁၈,၈၅၄.၈၅ |
| အခြား ရရန်ရှိများ | ၁၀ | ၁၂,၃၀၆,၆၈၄,၇၄၃.၅၄ | ၁၅,၂၈၁,၃၂၅,၅၄၁.၁၆ |
| ကြိုတင်ပေးများ | ၁၁ | ၅,၂၃၄,၀၀၁,၀၂၄.၅၇ | ၂,၇၅၄,၆၅၆,၃၅၂.၁၆ |
| ငွေသားနှင့် ငွေသားနှင့် ညီမျှသော လက်ကျန်များ | ၁၂ | ၂,၀၂၉,၀၈၄,၅၄၆.၈၉ | ၃,၅၂၁,၅၅၇,၇၆၁.၀၉ |
| **စုစုပေါင်း လက်ငင်း ရပိုင်ခွင့်များ** | | ၂၇,၇၁၆,၉၃၂,၂၃၇.၈၇ | ၂၆,၅၃၀,၂၃၀,၅၇၁.၃၆ |
| **စုစုပေါင်း ရပိုင်ခွင့်များ** | | ၃၆,၉၅၄,၁၉၈,၁၈၂.၇၃ | ၃၄,၂၃၆,၉၄၇,၅၆၄.၁၆ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး ရင်းနှီးငွေ | | ၁၃,၆၃၈,၅၉၉,၀၀၀.၀၀ | ၁၃,၆၃၈,၅၉၉,၀၀၀.၀၀ |
| အရန်လက်ကျန်များ | | ၅၉၀,၈၄၄,၉၈၆.၂၅ | ၅၉၇,၀၆၁,၄၈၅.၉၄ |
| အမြတ်လက်ကျန် စုစည်းမှုများ | | ၄,၈၉၂,၀၃၈,၀၉၆.၃၁ | ၃,၇၂၁,၃၆၈,၀၄၉.၆၆ |
| မထိန်းချုပ်နိုင်သော အကျိုးစီးပွားများ | | ၂၇၇,၀၃၈,၃၄၆.၆၁ | ၂၄၄,၈၉၄,၂၆၃.၇၉ |
| **စုစုပေါင်း ရင်းနှီးငွေ** | | ၁၉,၃၉၈,၅၂၀,၄၂၉.၁၇ | ၁၈,၂၀၁,၉၂၂,၇၉၉.၃၈ |
| **လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | | |
| ကာလရှည် ချေးငွေများ | ၁၃ | ၃,၀၁၅,၉၃၇,၇၀၀.၄၄ | ၃,၀၇၅,၈၁၈,၉၁၂.၇၀ |
| **စုစုပေါင်းလက်ငင်းမဟုတ်သော ပေးရန်တာဝန်များ** | | ၃,၀၁၅,၉၃၇,၇၀၀.၄၄ | ၃,၀၇၅,၈၁၈,၉၁၂.၇၀ |
| **လက်ငင်း ပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှုမှ ပေးရန်တာဝန်များ | ၁၄ | ၄,၁၀၃,၆၀၂,၀၇၃.၃၄ | ၂,၇၃၄,၁၉၃,၁၆၈.၄၁ |
| အခြား ပေးရန်တာဝန်များ | ၁၅ | ၉,၀၀၄,၅၇၉,၅၈၄.၃၄ | ၉,၇၆၃,၆၅၃,၆၆၈.၄၂ |
| အခြားပေးရန်နှင့် လျာထားချက်များ | ၁၆ | ၁,၄၃၁,၅၅၈,၃၉၅.၅၆ | ၄၆၁,၃၅၉,၀၁၅.၂၅ |
| **စုစုပေါင်းလက်ငင်း ပေးရန်တာဝန်များ** | | ၁၄,၅၃၉,၇၄၀,၀၅၃.၂၄ | ၁၂,၉၅၉,၂၀၅,၈၅၂.၀၈ |
| **စုစုပေါင်း ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | ၃၆,၉၅၄,၁၉၈,၁၈၂.၇၃ | ၃၄,၂၃၆,၉၄၇,၅၆၄.၁၆ |

*See Accompanying Notes to these Consolidated Financial Statements*

Authenticated by:

(1) Director
Ever Flow River Group Public Company Limited.

Ever Flow River Group Public Company Limited.
No.....8.....
Date..........

(2) Director
Ever Flow River Group Public Company Limited.

**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ**

**၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးပေါင်းချုပ် ရှင်းတမ်း အခြေအနေ စုစည်းဖော်ပြချက် (ဆက်လက် ဖော်ပြချက်)**

ငွေကြေး - မြန်မာကျပ်

| | Note | **၃၀-စက်တင်ဘာ-၂၀၂၄ မြန်မာကျပ်** | ၃၀-စက်တင်ဘာ-၂၀၂၃ မြန်မာကျပ် |
|---|---|---|---|
| (က)ရှယ်ယာတစောင် အခြေခံ ရခွင့်များ | | | |
| **အမြတ်/ အရှုံး ခွဲဝေမှု** | | | |
| ကုမ္ပဏီ၏ အစုရှင်များ | | **၉၆၈,၇၃၆,၁၆၈.၈၈** | ၂၀၁,၁၀၇,၇၉၈.၆၃ |
| ပျမ်းမျှထားသော သာမန် ရှယ်ယာ အရေအတွက် | | **၁၉,၉၇၇,၂၂၃.၀၀** | ၁၉,၉၇၇,၂၂၃.၀၀ |
| အခြေခံကျသော ရှယ်ယာတစ်စု၏ အမြတ် | | **၄၈.၄၉** | ၁၀.၀၇ |
| (ခ) လျှော့ချပြီးသော ရှယ်ယာတစ်ခု၏ ဝင်ငွေ | | | |
| **အမြတ်/ အရှုံး ခွဲဝေမှု** | | **၉၆၈,၇၃၆,၁၆၈.၈၈** | ၂၀၁,၁၀၇,၇၉၈.၆၃ |
| ကုမ္ပဏီ၏ အစုရှင်များ | | | |
| ငွေချေးစာချုပ်တွင် အတိုးနှုန်း | | | |
| **လျှော့ချရန် အသုံးပြုသော အမြတ်/ အရှုံး** | | **၉၆၈,၇၃၆,၁၆၈.၈၈** | ၂၀၁,၁၀၇,၇၉၈.၆၃ |
| ရှယ်ယာ တစ်စု၏ ဝင်ငွေ | | | |
| ပျမ်းမျှထားသော သာမန် ရှယ်ယာ အရေအတွက် | | **၁၉,၉၇၇,၂၂၃.၀၀** | ၁၉,၉၇၇,၂၂၃.၀၀ |
| **ညှိနှိုင်းချက်များ** | | | |
| အသွင်ပြောင်းလဲနိုင်သော ချေးငွေ | | **-** | - |
| ရှယ်ယာ အဖြစ် ရွေးချယ်ခွင့် | | **-** | - |
| | | **၁၉,၉၇၇,၂၂၃.၀၀** | ၁၉,၉၇၇,၂၂၃.၀၀ |
| လျှော့ချပြီးသော ရှယ်ယာတစ်စု၏ ဝင်ငွေ | | **၄၈.၄၉** | ၁၀.၀၇ |

ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ

၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေ အလုံးစုံ ပါဝင်သော ရှင်းတမ်း ပေါင်းချုပ်

ငွေကြေး - မြန်မာကျပ်

| | Note | ၃၀-စက်တင်ဘာ-၂၀၂၄<br>မြန်မာကျပ်<br>၆ လစာ အတွက် | ၃၀-စက်တင်ဘာ-၂၀၂၃<br>မြန်မာကျပ်<br>၆ လစာ အတွက် |
|---|---|---|---|
| ဝင်ငွေ | ၁၇ | ၄၃,၅၂၉,၇၀၇,၀၀၉.၅၄ | ၁၄,၈၁၂,၆၃၉,၁၂၇.၀၃ |
| တိုက်ရိုက် ကုန်ချစရိတ်များ | ၁၈ | (၃၉,၁၄၅,၅၆၃,၈၈၄.၈၅) | (၁၂,၄၆၉,၁၈၆,၂၂၂.၅၃) |
| **အကြမ်း အမြတ်** | | ၄,၃၈၄,၁၄၃,၁၂၄.၆၉ | ၂,၃၄၃,၄၅၂,၉၀၄.၄၉ |
| **အခြား ဝင်ငွေ** | ၁၉ | ၇၇၆,၁၈၈,၈၀၀.၇၆ | ၉၉၉,၇၈၇,၀၅၅.၁၃ |
| စီမံခန့်ခွဲမှု စရိတ်များ | ၂၀ | (၃,၈၂၄,၁၉၈,၇၀၈.၁၈) | (၂,၇၂၈,၈၀၂,၂၂၈.၇၉) |
| လုပ်ငန်း ကြော်ငြာ စရိတ်များ | ၂၁ | (၈၇,၁၃၉,၆၀၇.၀၀) | (၅၇,၅၃၈,၆၄၆.၅၀) |
| တွဲဘက် ကုမ္ပဏီ၏ အမြတ်/ (အရှုံး) ဝေစု | ၂၂ | ၁၃၆,၄၂၉,၆၆၆.၆၁ | (၅၆,၃၀၉,၈၄၁.၇၂) |
| **လုပ်ငန်း လည်ပတ် အမြတ်** | | ၁,၃၈၅,၄၂၃,၂၇၆.၈၈ | ၅၀၀,၅၈၉,၂၄၂.၆၃ |
| ဘဏ္ဍာရေး ကုန်ကျစရိတ်များ | ၂၃ | (၉၂,၇၉၈,၉၆၈.၃၄) | (၉၅,၄၉၅,၈၅၉.၁၁) |
| အခွန်မလျာထားမီ အမြတ် | | ၁,၂၉၂,၆၂၄,၃၀၈.၅၄ | ၄၀၅,၀၉၃,၃၈၃.၅၂ |
| ဝင်ငွေခွန် | ၂၄ | (၂၉၄,၃၂၀,၄၄၀.၉၇) | (၁၇၂,၉၃၅,၃၉၆.၁၀) |
| အခွန်လျာပြီးနောက် အမြတ် | | ၉၉၈,၃၀၃,၈၆၇.၅၇ | ၂၃၂,၁၅၇,၉၈၇.၄၂ |
| အခြား ဘက်စုံဝင်ငွေ | | - | (၃၀.၂၄) |
| စုစုပေါင်း အလုံးစုံဝင်ငွေ | | ၉၉၈,၃၀၃,၈၆၇.၅၇ | ၂၃၂,၁၅၇,၉၅၇.၁၈ |
| <u>**အမြတ်/ အရှုံး ခွဲဝေမှုများ**</u> | | | |
| ထိန်းချုပ်နိုင်သော အကျိုးစီးပွားများ | | ၉၆၈,၇၃၆,၁၆၈.၈၈ | ၂၀၁,၁၀၇,၇၉၈.၆၃ |
| မထိန်းချုပ်နိုင်သော အကျိုးစီးပွားများ | | ၂၉,၅၆၇,၆၉၈.၆၉ | ၃၁,၀၅၀,၁၈၈.၇၉ |
| <u>**အလုံးစုံဝင်ငွေ ခွဲဝေမှုများ**</u> | | | |
| ထိန်းချုပ်နိုင်သော အကျိုးစီးပွားများ | | ၉၆၈,၇၃၆,၁၆၈.၈၈ | ၂၀၁,၁၀၇,၇၉၈.၆၃ |
| မထိန်းချုပ်နိုင်သော အကျိုးစီးပွားများ | | ၂၉,၅၆၇,၆၉၈.၆၉ | ၃၁,၀၅၀,၁၈၈.၇၉ |
| | | ၉၉၈,၃၀၃,၈၆၇.၅၇ | ၂၃၂,၁၅၇,၉၅၇.၁၉ |

*See Accompanying Notes to these consolidated Financial Statements*

(1)

Director
Ever Flow River Group Public Company Limited.

Ever Flow River Group Public Company Limited.
No.........
Date.........

(2)

Director
Ever Flow River Group Public Company Limited.

ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ

၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် အစုရှင်များ၏ ပိုင်ဆိုင်မှု ပြောင်းလဲမှု ရှင်းတမ်း ပေါင်းချုပ်

ငွေကြေး - မြန်မာကျပ်

| | ထုတ်ဝေပြီး ရင်းနှီးငွေ | အရန်လက်ကျန်များ | အမြတ်လက်ကျန် စုစည်းမှု | မထိန်းချုပ်နိုင်သော အကျိုးစီးပွားများ | စုစုပေါင်း |
|---|---|---|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ ရှိ စာရင်းဖွင့် လက်ကျန် | ၁၃,၆၃၈,၅၉၉,၀၀၀.၀၀ | ၅၉၀,၈၄၄,၉၈၆.၂၅ | ၃,၉၂၃,၃၀၁,၉၂၇.၄၃ | ၂၄၇,၄၇၀,၆၄၇.၉၂ | ၁၈,၄၀၀,၂၁၆,၅၆၁.၆၀ |
| နှစ်အတွင်း အမြတ် | - | - | ၉၆၈,၇၃၆,၁၆၈.၈၈ | ၂၉,၅၆၇,၆၉၈.၆၉ | ၉၉၈,၃၀၃,၈၆၇.၅၇ |
| ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ရှိ စာရင်းပိတ် လက်ကျန် | ၁၃,၆၃၈,၅၉၉,၀၀၀.၀၀ | ၅၉၀,၈၄၄,၉၈၆.၂၅ | ၄,၈၉၂,၀၃၈,၀၉၆.၃၁ | ၂၇၇,၀၃၈,၃၄၆.၆၁ | ၁၉,၃၉၈,၅၂၀,၄၂၉.၁၇ |

၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ကုန်ဆုံးသောနှစ်အတွက်  အစုရှင်များ၏ ပိုင်ဆိုင်မှု ပြောင်းလဲမှု ရှင်းတမ်း ပေါင်းချုပ်

ငွေကြေး - မြန်မာကျပ်

| | ထုတ်ဝေပြီး ရင်းနှီးငွေ | အရန်လက်ကျန်များ | အမြတ်လက်ကျန် စုစည်းမှု | မထိန်းချုပ်နိုင်သော အကျိုးစီးပွားများ | စုစုပေါင်း |
|---|---|---|---|---|---|
| | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် | မြန်မာကျပ် |
| ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ ရှိ စာရင်းဖွင့် လက်ကျန် | ၁၃,၆၃၈,၅၉၉,၀၀၀.၀၀ | ၅၉၇,၀၆၁,၅၁၆.၁၈ | ၄,၂၈၅,၀၈၀,၅၁၈.၀၃ | ၂၁၃,၈၄၄,၀၇၅.၀၀ | ၁၈,၇၃၄,၅၈၅,၁၀၉.၂၂ |
| နှစ်အတွင်း အမြတ်/ အရှုံး | - | - | ၂၀၁,၁၀၇,၇၉၈.၆၃ | ၃၁,၀၅၀,၁၈၈.၇၉ | ၂၃၂,၁၅၇,၉၈၇.၄၂ |
| အမြတ်ဝေစု | - | - | (၇၆၄,၈၂၀,၂၆၇.၀၀) | - | (၇၆၄,၈၂၀,၂၆၇.၀၀) |
| နိုင်ငံခြားငွေ ပြောင်းလဲခြင်း | - | (၃၀.၂၄) | - | - | (၃၀.၂၄) |
| ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ရှိ စာရင်းပိတ် လက်ကျန် | ၁၃,၆၃၈,၅၉၉,၀၀၀.၀၀ | ၅၉၇,၀၆၁,၄၈၅.၉၄ | ၃,၇၂၁,၃၆၈,၀၄၉.၆၆ | ၂၄၄,၈၉၄,၂၆၃.၇၉ | ၁၈,၂၀၁,၉၂၂,၇၉၉.၃၉ |

**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ**

**၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှု ရှင်းတမ်း ပေါင်းချုပ်**

ငွေကြေး - မြန်မာကျပ်

| | **၃၀-စက်တင်ဘာ-၂၀၂၄ မြန်မာကျပ်** | ၃၀-စက်တင်ဘာ-၂၀၂၃ မြန်မာကျပ် |
|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များ အရ ငွေသားစီးဆင်းမှုများ** | | |
| တစ်နှစ်စာအတွက် အမြတ်/ အရှုံးများ | **၉၉၈,၃၀၃,၈၆၇.၅၇** | ၂၃၂,၁၅၇,၉၅၇.၁၈ |
| **ငွေသားမဟုတ်သော ညှိနှိုင်းချက်များ** | | |
| တန်းဖိုးလျော့နှင့် တန်ဖိုးကျ ဆုံးရှုံးမှုများ | **၂၃၃,၂၅၄,၇၇၈.၁၁** | ၁၄၃,၃၈၆,၆၁၆.၁၀ |
| ပုံသေပိုင် ပစ္စည်း ရောင်းချခြင်းမှ အမြတ်/ အရှုံး | **(၈၁,၀၉၃,၁၈၆.၄၂)** | (၁၂,၈၀၆,၀၀၈.၇၁) |
| တွဲဖက်လုပ်ငန်း၏ အချိုးကျ အမြတ်/ အရှုံး | **-** | ၅၆,၃၀၉,၈၄၁.၇၂ |
| ဝင်ငွေခွန် | **-** | ၁၇၂,၉၃၅,၃၉၆.၁၀ |
| နိုင်ငံခြားငွေ လဲလှယ်မှု ညှိနှိုင်းချက် | **-** | (၃၀.၂၄) |
| | **၁,၁၅၀,၄၆၅,၄၅၉.၂၅** | ၅၉၁,၉၈၃,၇၇၂.၁၅ |
| **လှည့်လည်ရင်းနှီးငွေ ပြောင်းလဲမှုများ** | | |
| ကုန်လက်ကျန် | **၃,၀၄၄,၅၁၈,၅၃၇.၃၂** | ၂၃၈,၈၆၃,၄၄၆.၉၆ |
| ကုန်သွယ်မှု ရရန်ရှိများ | **(၃,၄၈၀,၁၉၈,၀၁၉.၄၂)** | (၃,၀၈၆,၉၃၃,၈၈၀.၅၇) |
| အခြား ရရန်ရှိများ | **(၆၁၉,၀၅၀,၂၁၅.၅၆)** | ၁,၂၅၀,၄၃၁,၃၄၄.၀၅ |
| ကြိုတင်ပေးများ | **၂,၉၄၆,၄၄၁,၁၂၀.၈၀** | - |
| ကုန်သွယ်မှု ပေးရန်ရှိများ | **၂,၂၁၈,၀၆၀,၈၇၄.၈၅** | ၁,၉၇၇,၁၅၁,၀၄၂.၄၇ |
| အခြား ပေးရန်ရှိများ | **(၈,၁၀၆,၆၆၈,၀၇၁.၉၂)** | (၁,၀၄၁,၁၁၇,၂၆၂.၉၇) |
| အခြားပေးရန်နှင့် လျာထားချက်များ | **၂၈၁,၈၉၆,၆၈၉.၇၁** | - |
| အခွန်လျာထားမှုများ | **-** | (၁၇၂,၉၃၅,၃၉၆.၁၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များ ငွေသားစီးဆင်းမှုများ** | **(၂,၇၆၄,၅၃၃,၆၄၆.၉၆)** | (၂၄၂,၃၅၄,၉၃၄.၀၁) |
| **လုပ်ငန်းဆောင်ရွက်ချက်များ အသားတင် ငွေသားစီးဆင်းမှုများ** | **(၂,၇၆၄,၅၃၃,၆၄၆.၉၆)** | (၂၄၂,၃၅၄,၉၃၄.၀၁) |
| **ရင်းနှီးမြုပ်နှံမှု လုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | |
| ပုံသေပိုင် ပစ္စည်းများ ဝယ်ယူမှု | **(၁,၃၁၄,၀၈၇,၇၁၅.၅၈)** | (၁,၃၆၆,၅၈၃,၅၆၅.၁၅) |
| ထိတွေ့ ကိုင်တွယ်မရသော ပစ္စည်းများ ဝယ်ယူမှု | **-** | (၃,၅၄၀,၀၀၀.၀၀) |
| ပုံသေပိုင် ပစ္စည်းရောင်းချခြင်းမှ ရငွေ | **-** | ၃၄,၀၈၁,၃၉၉.၅၅ |
| ကာလရှည် ရင်းနှီးမြုပ်နှံမှုများ | **(၁၆၀,၃၆၃,၆၂၁.၆၁)** | (၃၅,၅၈၉,၈၈၄.၀၀) |
| **အသားတင် ရင်းနှီးမြုပ်နှံမှု ငွေသားစီးဆင်းမှုများ** | **(၁,၄၇၄,၄၅၁,၃၃၇.၁၉)** | (၁,၃၇၁,၆၃၂,၀၄၉.၆၀) |
| **ဘဏ္ဍာရေး ဆောင်ရွက်ချက်များအရ ငွေသား စီးဆင်းမှုများ** | | |
| ကာလရှည် ချေးငွေများ/ ပြန်လည်ပေးဆပ်မှုများ | **(၃၀,၆၇၄,၅၈၉.၄၄)** | ၂,၉၇၂,၂၅၂,၇၁၉.၀၀ |
| အမြတ်ဝေစုပေးငွေ | **-** | (၇၆၄,၈၂၀,၂၆၇.၀၀) |
| **အသားတင် ဘဏ္ဍာရေး ဆောင်ရွက်ချက်များအရ ငွေသား စီးဆင်းမှုများ** | **(၃၀,၆၇၄,၅၈၉.၄၄)** | ၂,၂၀၇,၄၃၂,၄၅၂.၀၀ |
| ငွေသား အသားတင် အတိုး/ အလျော့ | **(၄,၂၆၉,၆၅၉,၅၇၃.၅၉)** | ၇၆၆,၃၈၀,၈၆၄.၄၉ |
| နှစ်စရှိ ငွေနှင့် ငွေသားနှင့် ညီမျှသော လက်ကျန်များ | **၆,၂၉၈,၇၄၄,၁၂၀.၅၈** | ၂,၉၂၈,၁၁၂,၂၆၁.၈၅ |
| နှစ်ကုန်ဆုံးရှိ ငွေနှင့် ငွေသားနှင့် ညီမျှသော လက်ကျန်များ | **၂,၀၂၉,၀၈၄,၅၄၆.၉၉** | ၃,၆၉၄,၄၉၃,၁၂၆.၃၄ |

**ထာဝရ နဒီအုပ်စု ကုမ္ပဏီများ (အများနှင့် သက်ဆိုင်သော) လီမိတက် နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ**

**၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀) ရက် အထိ ဘဏ္ဍာရေး ရှင်းတမ်းများ ပေါင်းချုပ်အပေါ် မှတ်စုများ**

ငွေကြေး - မြန်မာကျပ်

### ၁။ အထွေထွေ

ပေးရန်ကန့်သတ်ထားသော တာဝန် ထာဝရနဒီအုပ်စု ကုမ္ပဏီများ (အများနှင့်သက်ဆိုင်သော) လီမိတက် (ကုမ္ပဏီ)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ၂၀၁၇ အရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ မှတ်ပုံတင်ထားသောကုမ္ပဏီ၏ လိပ်စာမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

### မှတ်ပုံတင်ထားသော ကုမ္ပဏီ၏လိပ်စာ

ရွှေခင်းသာလမ်း မြို့ပတ်လမ်း နှင့် မြို့မ ၁၁ လမ်းထောင့်၊ အဆောက်အဦး နံပါတ် ၉၄၁၊ ၇က/၇ လွှာ သာကေတ ၄ မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်။

Website: www.efrgroupmyanmar.com,
Contact Phone No.+9598899 48890, +951 544076. +951 544077.

### ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်

ဘဏ္ဍာရေး ရှင်းတမ်းများကိုရေးဆွဲရာတွင် အသုံးပြုခဲ့သောအဓိကစာရင်းဆိုင်ရာမူဝါဒများကို အောက်တွင်ဖော်ပြထားပါသည်။ ဤမူဝါဒများကို အခြားနည်းဖြင့် မဖော်ပြထားပါက တင်ပြထားသည့် နှစ်များအားလုံးကို တသမတ်တည်း ကျင့်သုံးပါသည်။

### ၂.၁ စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (Myanmar Financial Reporting Standards) နှင့်အညီ ဖော်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့်ဖြစ်ရပ်များအပေါ် အခြေခံသည့် စာရင်းရေးဆွဲမှု မူဝါဒ (Historical cost Convention) အရ ရေးဆွဲဖော်ပြထားပါသည်။

မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများ “MFRS” နှင့်အညီ ဤဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် စီမံခန့်ခွဲသူများမှ လုပ်ငန်းပိုင်းဆိုင်ရာ ၎င်းတို့၏ ယူဆချက်၊ ဆုံးဖြတ်ချက်ကို ကျင့်သုံးရန် လိုအပ်သလို စာရင်းဆိုင်ရာ ခန့်မှန်းချက်များ၊ ယူဆချက်များဖြင့်လည်း စာရင်းထည့်သွင်း ဖော်ပြဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၂.၂ ဝင်ငွေ စာရင်းရေးသွင်းမှု

ဝင်ငွေတွင် ကုန်ပစ္စည်းရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် ရရှိပြီးသား သို့မဟုတ် ရရှိရန်ရှိသည့် တန်ဖိုးများကို ဖော်ပြခြင်းဖြစ်ပြီး ဝန်ဆောင်မှုအခွန်၊ ကော်မရှင်နှင့် လျှော့ဈေးများ မပါဝင်ပါ။

အဖွဲ့မှ အသိအမှတ်ပြုထားသော ဝင်ငွေနှင့် ဆက်စပ်ကုန်ကျစရိတ်ကို ယုံကြည်စိတ်ချစွာ တိုင်းတာနိုင်ပြီး၊ ဆက်စပ်လက်ခံနိုင်မှု၏ စုဆောင်းနိုင်မှုအား ကျိုးကြောင်းဆီလျော်စွာ စိတ်ချယုံကြည်နိုင်ပြီး အဖွဲ့၏ လုပ်ဆောင် ချက်တစ်ခုစီအတွက် တိကျသောစံနှုန်းများကို အောက်ပါအတိုင်း ဖြည့်ဆည်းသည့်အခါ အောက်ပါအတိုင်း ဖြစ်နိုင် သည်။

ကုမ္ပဏီအနေဖြင့် ဝင်ငွေများနှင့် ပတ်သက်ပြီး ကုန်ကျစရိတ်များကို တိကျစွာတိုင်းတာနိုင်သော အချိန် ရရှိရန်ကျန်ရှိသောအကြွေးအတိုးများကို သေချာစွာ ရယူနိုင်မည်ဟု သင့်တော်စွာ ခန့်မှန်းနိုင်သော အချိန်နှင့် အခြားသော သတ်မှတ်ထားသော အခြေခံစံနှုန်းများကို ဖြည့်ဆည်းနိုင်သည့်အချိန်တွင် အောက်ပါအတိုင်း စာရင်းရေးသွင်းပါသည်။

### (က) ကုန်ပစ္စည်းရောင်းချခြင်း

ကုန်ရောင်းခြင်းမှ ရရှိသောဝင်ငွေကို ကုန်ပစ္စည်းကို လွှဲအပ်ပြီး ဝယ်ယူသူက လက်ခံရရှိပြီးနောက်တွင် စာရင်းဖော်ဆောင် ပါသည်။

### (ခ) ဝန်ဆောင်မှု ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများ လုပ်ဆောင်ခြင်း။

ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများမှ ရရှိသောဝင်ငွေကို ဆောင်ရွက်ပေးရသည့် အမှန်တကယ်ဝန်ဆောင်မှုများအပေါ်အခြေခံပြီးအချိုးကျ ရာခိုင်နှုန်းအရ ရရှိသော ဝင်ငွေအတိုင်း စာရင်းရေးသွင်းပါသည်။

### (ဂ) ဝန်ဆောင်မှု စစ်ဆေးရေး ဝန်ဆောင်မှုများ လုပ်ဆောင်ခြင်း။

ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းနှင့် စပ်လျဉ်းပြီး ကုန်ပစ္စည်းပို့ဆောင်သည့်အခါ စစ်ဆေးရေးဝန်ဆောင်မှုများမှ ရရှိသောဝင်ငွေကို စာရင်းရေးသွင်းပါသည်။

### (ဃ) အတိုးဝင်ငွေ

ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံငွေများမှ အတိုးရရန်သေချာမှသာ အတိုးရငွေများကို စာရင်း ဖော်ဆောင်ပါသည်။

## ၂.၃ ကုမ္ပဏီအုပ်စုစာရင်းရေးဆွဲခြင်း

### (က) လက်အောက်ခံကုမ္ပဏီများ

#### (၁) စာရင်းပေါင်းချုပ်

လက်အောက်ခံကုမ္ပဏီများဆိုသည်မှာ ကုမ္ပဏီအုပ်စုက ယင်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာသော အကျိုးအမြတ်များကို ရရှိရန်နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဝဒများကို ကုမ္ပဏီအုပ်စု (Group) က ထိန်းချုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများ (အထူးလုပ်ငန်းဆောင်ရွက်ရန် အဖွဲ့အစည်းများအပါအဝင်) ဖြစ်ပြီး ယေဘုယျအားဖြင့် အမိကမဲပေးပိုင်ခွင့်ရှိသည့် ရှယ်ယာပိုင်ဆိုင်မှုဖြစ်ကြသည်။ ကုမ္ပဏီအုပ်စုက အခြားအဖွဲ့အစည်းကို ထိန်းချုပ်နိုင်မှုရှိ၊ မရှိ အကဲဖြတ်သောအခါ လက်ရှိကျင့်သုံးခွင့်ရှိသော(သို့မဟုတ်) ပြောင်းလဲခွင့်ရှိသော အလားအလာရှိသည့် မဲပေးပိုင်ခွင့်၏ တည်ရှိမှုနှင့် အကျိုးဆက်ကို ထည့်သွင်းစဉ်းစားသည်။ လက်အောက်ခံ ကုမ္ပဏီများကို ကုမ္ပဏီအုပ်စုသို့ ထိန်းချုပ်မှုလွှဲပြောင်းသည့်နေ့ရက်မှစ၍ စာရင်းပေါင်းချုပ် ရေးဆွဲသည်။ ၎င်းတို့ကိုထိန်းချုပ်မှု ရပ်စဲသည့်နေ့ရက်မှစ၍ စာရင်းပေါင်းချုပ်ရေးဆွဲခြင်း ရပ်စဲသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ပေါင်းချုပ်ရေးဆွဲရာတွင် လုပ်ငန်းဆောင်ရွက်ချက်များ၊လက်ကျန်များနှင့် ကုမ္ပဏီအုပ်စုများအကြားရှိ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမှန်မရရှိသေးသော (unrealized) အမြတ်များကို ဖယ်ထုတ်ထားပါသည်။ အမှန်မပေါ်ပေါက်သေးသော (Unrealized)အရှုံးများကိုလည်း ဖယ်ထုတ် ထားပါ သည်။သို့သော် ယင်းတို့ကို လွှဲပြောင်းပေးသောရပိုင်ခွင့်၏ တန်ဖိုးကျဆင်းကိန်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစား ပါသည်။ လက်အောက်ခံကုမ္ပဏီများ၏ စာရင်းရေးဆွဲခြင်းဆိုင်ရာ မူဝါဒများကို ကုမ္ပဏီအုပ်စု (Group) က လက်ခံကျင့်သုံးသော မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်သည့်အခါ ပြောင်းလဲထားပါသည်။

**Non- Controlling Interests**

ထိန်းချုပ်ခွင့်မရှိသောပိုင်ဆိုင်မှုများဆိုသည်မှာ ကုမ္ပဏီကိုပိုင်ဆိုင်သူများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပိုင်ဆိုင်သောအကျိုးစီးပွားများ (Non- Controlling Interests) မှ ဖြစ်ပေါ်လာသော လက်အောက်ခံကုမ္ပဏီတစ်ခု၏အသားတင်ပိုင်ဆိုင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှု အသားတင် ရလဒ် များကို ခွဲဝေ၍ပေးရသောအပိုင်းဖြစ်သည်။ ၎င်းတို့ကိုဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းပေါင်းချုပ်တွင် ပါဝင် သောဝင်ငွေ အလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်နှင့် အစုရှင်များ၏ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း ပေါင်းချုပ်တို့တွင် ခွဲခြားဖော်ပြသည်။

#### (၂) လက်အောက်ခံကုမ္ပဏီဝယ်ယူမှုများ

Group နှင့် လက်အောက်ခံ Company များ စီးပွားရေးပေါင်းစပ်မှု Business Combination များအတွက် Business Acquisitions နည်းလမ်းကိုအသုံးပြု စာရင်းရေးသွင်းပါသည်။ Group သည် လက်အောက်ခံ Company များအား ဝယ်ယူရရှိသည့်နေ့တွင် ထိန်းချုပ်ခြင်း မပြုသောအကျိုးစီးပွား (non-controlling interest) နှင့် ဝယ်ယူသူ၏ အသားတင် ပိုင်ဆိုင်မှု၏ အချိုးကျ Controlling Interest ရာခိုင်နှုန်းဖြင့် ဝယ်ယူရရှိသည့်နေ့တွင် စာရင်းရေးသွင်းပါသည်။ ထိုသို့ စာရင်းရေးသွင်းရာတွင်

(က) လက်အောက်ခံ Company များအား ဝယ်ယူခြင်းနှင့် လွှဲပြောင်းရယူခြင်းတွင် ပေးချေရသော Fair Value အဖိုးစားနားသည်

(ခ) ဝယ်ယူရရှိသည့် ၎င်းတို့၏ အသားတင်ပိုင်ဆိုင်မှု တန်ဖိုးထက်များပြားပါက နာမည်ကောင်းတန်ဖိုး Goodwill အဖြစ် စာရင်းရေးသွင်းပါသည်။

**(၃) ထုခွဲရောင်းချခြင်း**

လက်အောက်ခံ လုပ်ငန်းတစ်ခုတွင် Group ၏ ပိုင်ဆိုင်မှုဆိုင်ရာ အကျိုးစီးပွားပြောင်းလဲမှုသည် လက်အောက်ခံ လုပ်ငန်းအပေါ် ထိန်းချုပ်မှု ဆုံးရှုံးသွားသည့်အခါ၊ လက်အောက်ခံ၏ ပိုင်ဆိုင်မှုနှင့် အမည်ကောင်းတန်ဖိုးများ အပါအဝင် လုပ်ငန်းခွဲများ၏ ပိုင်ဆိုင်မှုနှင့် ရပိုင်ခွင့်များကို စာရင်းမှ ဖယ်ထုတ်ပါသည်။

အစုရှယ်ယာတွင် စုဆောင်းထားသည့် ၎င်းတို့နှင့်ဆိုင်သည့် အစုရှယ်ယာကို Fair Value ဖြင့်ပြန်လည်တိုင်းတာပြီး ယင်းတန်ဖိုးနှင့် ယခင်ရှိခဲ့သော တန်ဖိုးကြားခြားနားချက်ကို  ထိန်းချုပ်မှုဆုံးရှုံးသွားသည့်နေ့တွင် အရှုံးအမြတ် အဖြစ် စာရင်းရေးသွင်းပါသည်။

**(ခ) ထိန်းချုပ်မှုမရှိသော အကျိုးစီးပွားများနှင့် အရောင်းအဝယ်များ**

လုပ်ငန်းခွဲအပေါ် ထိန်းချုပ်မှု ဆုံးရှုံးခြင်း မရှိသည့် လုပ်ငန်းခွဲတစ်ခုတွင် Group ၏ ပိုင်ဆိုင်မှုဆိုင်ရာ အပြောင်းအလဲများကို ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ဆိုင်မှုများအတိုင်း ထည့်သွင်းတွက်ချက်ပါသည်။ ထိန်းချုပ်ခြင်း မရှိသောအတိုး Non-Controlling Interest ၏ တင်ဆောင်သည့်ပမာဏပြောင်းလဲမှုနှင့် ပေးဆောင်ခြင်းသို့မဟုတ် လက်ခံရရှိသည့် တန်ဖိုးအကြားကွာခြားချက်အား ကုမ္ပဏီ၏ရှယ်ယာပိုင်ဆိုင်သူများနှင့် အစုရှယ်ယာ ပိုင်ဆိုင်သူများ၏ အစုရှယ်ယာအတွင်းမှ စာရင်း ရေးသွင်းပါသည်။

**(ဂ) တွဲဖက်ကုမ္ပဏီများ**

တွဲဖက်ကုမ္ပဏီများမှာ ကုမ္ပဏီအုပ်စုက ၎င်းတို့အပေါ်သိသာထင်ရှားသော ဩဇာသက်ရောက်မှုရှိသော်လည်း ထိန်းချုပ်နိုင်မှု မရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။ယေဘူယျအားဖြင့် ရှယ်ယာတစ်စုပိုင်ဆိုင်မှုအရေအတွက် ၂၀% နှင့် ၅၀% ထက် မပိုသော မဲပေးခွင့်ရှိသည့်အဖွဲ့အစည်းများ ဖြစ်ပါသည်။ တွဲဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများကို Equity နည်းဖြင့်စာရင်းဖော်ပြပြီး တန်ဖိုးကျ ဆုံးရှုံးမှုများကို နုတ်၍ ဘဏ္ဍာရေးရှင်းတမ်း ပေါင်းချုပ်တွင် စာရင်းဖော် ဆောင်ပါသည်။

**(၁) တွဲဖက်ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု**

တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်မှုများကို equity နည်းဖြင့် လုပ်ဆောင်မှုစျေးနှုန်း (လုပ်ဆောင်မှုကုန်ကျစရိတ် အပါအဝင်) ဖြင့် ကနဦး စာရင်းရေးသွင်းပါသည်။ ဝယ်ယူပြီးသည့်နေ့ နောက်ပိုင်းတွင် သယ်ယူလာသည့် ငွေပမာဏ ကို အတိုး၊ အလျော့ပြုလုပ်ပြီး ရင်းနှီးမြှုပ်နှံသူ၏ အရှုံးအမြတ်ဝေစုကို စာရင်းတင်ပါသည်။ ရင်းနှီးမြှုပ်နှံသူ၏ အရှုံးအမြတ်ဝေစုကို ရင်းနှီးမြှုပ်နှံသူ၏ အရှုံး၊ အမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။ ရင်းနှီးမြှုပ်နှံထားသည့်အဖွဲ့အစည်းမှ ခွဲဝေရရှိမှုများသည် ရင်းနှီးမြှုပ်နှံမှု၏ သယ်ယူလာသည့်ငွေပမာဏ (လက်ကျန်) ကို လျော့ကျစေပါသည်။

### (၂) Equity နည်းဖြင့် စာရင်းရေးဆွဲခြင်း

Equity နည်းဖြင့်စာရင်းရေးဆွဲရာတွင် တွဲဖက်ကုမ္ပဏီများတွင် ကနဦးရင်းနှီးမြှုပ်နှံမှုပြုပြီး နောက်ပိုင်း ပေါ်ပေါက်လာသော အရှုံး၊ အမြတ် ဝေစုကို အရှုံး၊ အမြတ်စာရင်းတွင် ဖော်ဆောင်ပြီး ၎င်းကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု နောက်ပိုင်းကာလ အခြားအလုံးစုံ ပါဝင်သောဝင်ငွေကို အခြားအလုံးစုံပါဝင်သောဝင်ငွေတွင် စာရင်းဖော် ဆောင်ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှု နောက်ပိုင်းကာလ ဆောင်ရွက်မှုများနှင့် တွဲဖက်ကုမ္ပဏီများထံမှ ခွဲဝေရရှိမှုများကို ရင်းနှီးမြှုပ်နှံမှုများ၏ သယ်ဆောင်တန်ဖိုး (carrying amount) တွင် စာရင်းညှိနှိုင်းပါသည်။ အခြားမည်သည့် လက်ငင်းမဟုတ်သော အကာအကွယ်မဲ့ ရပိုင်ခွင့်များအပါအဝင် တွဲဖက်ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီအုပ်စု၏ အရှုံးဝေစုသည် တွဲဖက်ကုမ္ပဏီရှိ ၎င်း၏ပိုင်ဆိုင်မှုနှင့် တူညီသောအခါ (သို့မဟုတ်)ကျော်လွန် သောအခါ ကုမ္ပဏီအုပ်စုသည် ပေးရန်တာဝန်မရှိခဲ့လျှင် (သို့မဟုတ်) တွဲဖက်ကုမ္ပဏီ၏ ကိုယ်စားပေးချေမှု မပြုလုပ်ခဲ့လျှင် နောက်ထပ်အရှုံးများကို စာရင်းရေးသွင်းမည် မဟုတ်ပါ။

တွဲဖက်ကုမ္ပဏီများနှင့် ကုမ္ပဏီအုပ်စုအကြား စာရင်းရေးသွင်းချက်များအပေါ် (unrealized profit) ကို တွဲဖက်ကုမ္ပဏီများတွင် ကုမ္ပဏီအုပ်စု၏ ပိုင်ဆိုင်မှုနှင့်ညီမျှသည်အထိ စာရင်းချေဖျက်သည်။ လုပ်ဆောင် ချက်များသည် လွှဲပြောင်းလိုက်သော ပိုင်ဆိုင်မှုများ၏ တန်ဖိုးလျော့ကျမှုကို အထောက်အထားမပြသလျှင် (Unrealized loss) ကိုလည်း စာရင်းချေဖျက်ပါသည်။

လက်အောက်ခံကုမ္ပဏီများ၏ စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများနှင့်တသမတ်တည်းဖြစ်စေရန် လိုအပ်ပါကပြုပြင် ပြောင်းလဲထားပါသည်။

### (၃) ထုခွဲရောင်းချခြင်း

Group သည် သိသာထင်ရှားသော ဩဇာလွှမ်းမိုးမှု ဆုံးရှုံးသွားသောအခါ တွဲဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများကို စာရင်းချေဖျက်၊ စာရင်းပယ်ဖျက်ပါသည်။

